**စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)**
**စက်မှုကျွမ်းကျင် (၁) နှစ် သင်တန်း၊ အမှတ်စဉ် (၁၁) သင်တန်းဝင်ညွှန်ကြားလွှာ**

**အကြောင်းအရာ**

၁။ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၊ စက်မှုကျွမ်းကျင်(၁)နှစ်သင်တန်း၊ အမှတ်စဉ်(၁၁)အတွက် သင်တန်းသားသစ်များခေါ်ယူခြင်း။

**သင်တန်းအမည်**

၂။ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၊ စက်မှုကျွမ်းကျင် (၁)နှစ်သင်တန်း၊ အမှတ်စဉ်(၁၁)။

**သင်တန်းဖွင့်လှစ်မည့်နေရာ**

၃။ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မကွေးစက်မှုနယ်မြေ၊ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)တွင် ဖွင့်လှစ်ပါမည်။

**သင်တန်းအမျိုးအစား နှင့် လက်ခံသင်ကြားမည့်ဦးရေ**

၄။ သင်တန်းတွင် အောက်ပါဘာသာရပ်များအား စာတွေ့ (၃၀%) လက်တွေ့ (၇၀%) သင်ကြားပို့ချမည်ဖြစ်ပြီး လက်တွေ့သင်ကြားမှုကို ဦးစားပေး သင်ကြားပို့ချပါမည်။ သင်တန်းသား/သူ စုစုပေါင်း (၁၅၀) ဦးကို အောက်ဖော်ပြပါ ဘာသာရပ်များအလိုက် လက်ခံသင်ကြားပေးမည် ဖြစ်ပါသည် -

| စဉ် | သင်ကြားပို့ချမည့် ဘာသာရပ် | သင်တန်းသား/သူ ဦးရေ | သင်တန်းကာလ | ပညာအရည်အချင်း |
|---|---|---|---|---|
| ၁ | **မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုသင်တန်း**<br>**Automobile Maintenance Course**<br>(က) အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်း<br>(Engine Maintenance Module)<br>(ခ) မော်တော်ယာဉ်လျှပ်စစ်နှင့်အီလက်ထရောနစ်<br>(Electricity & Electronic Module)<br>(ဂ) ထရန်စမစ်ရှင်းနှင့် ယာဉ်အောက်ပိုင်းပြုပြင်ထိန်းသိမ်းခြင်း<br>(Transmission & Chassis Module)<br>(ဃ) မော်တော်ယာဉ်ကိုယ်ထည်ပြုပြင်ခြင်းနှင့်ဆေးမှုတ်ခြင်း<br>(Body Repair & Painting Module) | ၁၂၀ ဦး | ၁ နှစ် | တက္ကသိုလ် ဝင်တန်း (၁၀)တန်း ဖြေဆိုဖူးသူ |
| ၂ | **ကွန်ပျူတာသုံးဒီဇိုင်းရေးဆွဲ/ထုတ်လုပ်မှုသင်တန်း**<br>**CAD / CAM Course** | ၃၀ ဦး | ၁ နှစ် | တက္ကသိုလ် ဝင်တန်း (၁၀)တန်း ဖြေဆိုဖူးသူ |
| | **စုစုပေါင်း** | **၁၅၀ ဦး** | | |

**လျှောက်ထားခွင့်ရှိသူများ**

၅။ ကျန်းမာရေး ကောင်းမွန်ပြီး စက်မှုဝါသနာပါသူများ ဖြစ်ရမည်။

**လျှောက်ထားသူများတွင် ရှိရမည့် သတ်မှတ်အရည်အချင်းများ**

၆။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ ဖြစ်ရမည် -

(က) အခြေခံပညာ အထက်တန်း(တက္ကသိုလ်ဝင်တန်း) သင်ယူ/ဖြေဆိုဖူးသူဖြစ်ရမည်။

( ခ ) ၂၀၂၃ ခုနှစ်၊ မေလ (၈) ရက်နေ့ (သင်တန်းစတင် ဖွင့်လှစ်သည့်နေ့ရက်)တွင် အသက် (၁၇) နှစ်ပြည့်ပြီး (၂၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ဂ ) ပြည်ထောင်စု မြန်မာနိုင်ငံသား (ကျား/မ) ဖြစ်ရမည်။

(ဃ) အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ရမည်။

( င ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

( စ ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ နေထိုင်နိုင်သူဖြစ်ရမည်။

(ဆ) သင်တန်းမှ ချမှတ်ထားသော ဝန်ခံကတိ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ပြီး သင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

**လျှောက်ထားခြင်း**

၇။ လျှောက်လွှာများအား အောက်ဖော်ပြပါ ဌာနများတွင်ရယူနိုင်ပြီး၊ လျှောက်လွှာပါ အချက်အလက်များ၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များကို သေချာစွာဖြည့်စွက် လျှောက်ထားရန် လိုအပ်ပါသည်။ လူတွေ့နှုတ်မေးဖြေဆိုခွင့် ရရှိသူအမည်စာရင်းကို လူတွေ့နှုတ်မေး စစ်ဆေးမည့်ရက် မတိုင်မီ ကြိုတင်၍ အမှတ် (၅) စက်မှုသင်တန်းကျောင်း(မကွေး)တွင် ကြေငြာထားမည် ဖြစ်ပါသည်။

**(က) လျှောက်လွှာရရှိနိုင်သောနေရာများ**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အောက်ဖော်ပြပါဌာနများတွင်ရယူနိုင်ပါသည်-

(၁) အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၊ မကွေးစက်မှုနယ်မြေ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

(၂) စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ ရုံးအမှတ်( ၃၀ )၊ နေပြည်တော်။

(၃) အလုပ်သမားရေးရာဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

(၄) www.industry.gov.mm website ၊ www.itcmagway.edu.mm websiteနှင့် "Itc Magway" Facebook Account တို့တွင် download ပြုလုပ်ပြီးရယူနိုင်ပါသည်။

**( ခ )  လျှောက်လွှာ ပိတ်ရက် / ပေးပို့ရန်နေရာ**

**၂၀၂၃ခုနှစ်၊မတ်လ(၂၄)ရက်(၁၆:၀၀)နာရီ** နောက်ဆုံးထား၍ အောက်ဖော်ပြပါဌာနများသို့ ပေးပို့ရမည်-

(၁) အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)၊ မကွေးစက်မှုနယ်မြေ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ (သို့မဟုတ်)

(၂) စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

**( ဂ ) လျှောက်လွှာနှင့် အတူ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ**

လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပါရှိရမည် -

| | |
|---|---|
| (၁) လျှောက်လွှာမူရင်း | ( ၁ ) စောင် |
| (၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ | ( ၁ ) စောင် |
| (၃) လိုင်စင်ဓါတ်ပုံ | ( ၃ ) ပုံ |
| (၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေ-အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ ( မူရင်း ) (သို့မဟုတ်) မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ထောက်ခံစာ ( မူရင်း ) | ( ၁ ) စောင် |
| (၅) တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်(မိတ္တူ)(သို့မဟုတ်) တက္ကသိုလ်ဝင်တန်း(၁၀)တန်း အောင်မြင်/ကျရှုံးကြောင်း ထောက်ခံစာ(မူရင်း) | ( ၁ ) စောင် |
| (၆) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ(မူရင်း) | ( ၁ )စောင် |
| (၇) ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးပြီးကြောင်းဆေးမှတ်တမ်း (မူရင်း) | ( ၁ )စောင် |

**မှတ်ချက်**။ အသက်နှင့် ပညာအရည်အချင်းအတွက် လျှောက်လွှာ၏ ကျောဘက်တွင် သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ကို ဖြည့်စွက်ရန် လိုအပ်ပါသည်။ သို့ရာတွင် လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပညာအရည်အချင်းနှင့်ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန အကြီးအကဲ၏ ထောက်ခံချက်ကိုသာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

**အရည်အချင်း စစ်ဆေးခြင်း**

၈။ သင်တန်းတက်ရောက်ခွင့်ရရှိရေးအတွက် အင်္ဂလိပ်စာအခြေခံ၊ သင်္ချာအခြေခံနှင့် စက်မှုဆိုင်ရာ ဗဟုသုတများကို လူတွေ့နှုတ်မေး ဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့နှုတ်မေးစစ်ဆေးခြင်းကို မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)တွင် (၂၉.၃.၂၀၂၃) ရက်နေ့မှ

(၃၁.၃.၂၀၂၃)ရက်နေ့အထိ ပြုလုပ်ပါမည်။ လူတွေ့စစ်ဆေးရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်(မူရင်း) (သို့မဟုတ်) (တက္ကသိုလ်ဝင်တန်း) (၁၀)တန်း အောင်မြင်/ ကျရှုံးကြောင်း ထောက်ခံစာ(မိတ္တူ)တို့ကို တစ်ပါတည်း ယူဆောင်လာရမည်။ သင်တန်းတက်ရောက်ခွင့် ရသူများစာရင်းကို အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)တွင် ကြေငြာထားပါမည်။

**သင်တန်းဖွင့်လှစ်မည့်နေ့ရက်**

၉။ ၂၀၂၃ ခုနှစ်၊ မေလ (၈) ရက်နေ့တွင် သင်တန်းဖွင့်လှစ်ပါမည်။ သင်တန်းဝင်ခွင့်ရသူများသည် မိမိအစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မကွေးစက်မှုနယ်မြေ၊ အမှတ်(၅)စက်မှု သင်တန်းကျောင်း(မကွေး)သို့ ၂၀၂၃ ခုနှစ်၊ မေလ (၄) ရက်နေ့ထက် မစောဲ၊ မေလ (၆) ရက်နေ့ (၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အုပ်ထိန်းသူ တစ်ဦးနှင့်အတူ ကိုယ်တိုင်လာရောက် သတင်းပို့ရပါမည်။

**သင်တန်းကာလ**

၁၀။ ၂၀၂၃ ခုနှစ်၊ မေလ(၈) ရက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ (၁၅) ရက် အထိ ( ၁ )နှစ် ။

**နေရာထိုင်ခင်း**

၁၁။ လူတွေ့နှုတ်မေးစစ်ဆေးခြင်းကာလ၌ နေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေးကိစ္စရပ်များကို မိမိအစီအစဉ်ဖြင့်ဆောက်ရွက်ရမည်၊ သင်တန်းတက်ရောက်စဉ် ကာလအတွင်း နေရာထိုင်ခင်း အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝင်ခွင့်အောင်မြင်သူများအတွက် ဦးစားပေးအစီအစဉ်အလိုက် အသင့်နေထိုင်နိုင်သော ကျောင်းဆောင်များတွင် နေရာချထားပေးမည်။ ပြင်ပတွင် လုံးဝနေထိုင်ခွင့်မပြုပါ။

( ခ ) သင်တန်းသား/သူများ၏ မိသားစုများအား သင်တန်းကာလအတွင်း မည်သို့သော အကြောင်းကြောင့်ဖြစ်စေ သင်တန်းသား/သူ အဆောင်များတွင် လာရောက်တည်းခိုခွင့် မပြုပါ။

**စားစရိတ်**

၁၂။ သင်တန်းသားတစ်ဦးလျှင် လစဉ် စားစရိတ်အဖြစ် (၁၅,၀၀၀) ကျပ်ကို နိုင်ငံတော်မှ ထောက်ပံ့ ပေးသွားမည်ဖြစ်ပါသည်။

**သတ်မှတ်ယူနီဖောင်း**

၁၃။ သင်တန်းကာလအတွင်း သင်တန်းသား/သူအားလုံးသည် နက်ပြာရောင်(အင်္ကျီဘောင်းဘီရှည်) တူညီယူနီဖောင်းကို ဝတ်ဆင်ရမည်။ ယူနီဖောင်းစရိတ် တစ်စုံလျှင် (၁၂,၀၀၀) ကျပ် နှုန်းဖြင့် (၂)စုံ အတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

**စည်းကမ်းချက်များ**

၁၄။ သင်တန်းသားများသည် အောက်ပါ သင်တန်းစည်းကမ်းများကို လိုက်နာကြရပါမည်-

(က) သင်တန်းကာလ ပြီးဆုံးအောင် တက်ရောက်ပါမည်ဟု သင်တန်းသား ကိုယ်တိုင်နှင့် အုပ်ထိန်းသူတို့မှ ခိုင်မာသော ကတိဝန်ခံချက် လက်မှတ်ရေးထိုးရပါမည်။

( ခ ) သင်တန်းကာလအတွင်း မည်သည့်စာမေးပွဲမှ ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

( ဂ ) သင်တန်းသား/သူများသည် သင်တန်းကာလအတွင်း ကျောင်းခေါ်ချိန်(၈၀%)ပြည့်မှသာ စာမေးပွဲဖြေဆိုခွင့်ပြုပါမည်။

(ဃ) သင်တန်းကျောင်းမှဖြစ်စေ၊ စက်မှုဝန်ကြီးဌာနမှဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာနိုင်ရပါမည်။

( င ) စက်မှုဝန်ကြီးဌာန ဝန်ထမ်းသင်တန်းသားများသည် စည်းကမ်းပျက်ကွက်၍ သင်တန်းမှ ထုတ်ပယ်ခြင်းခံရလျှင် ပျက်ကွက်ဝန်ထမ်း တစ်ဦးကဲ့သို့ အရေးယူခြင်းခံရမည်ကို သိရှိလိုက်နာမည့်အကြောင်းနှင့်သင်တန်းဆင်းပြီးသည့်နေ့မှစ၍ မိခင်စက်ရုံ၊ လုပ်ငန်း၊ ဌာနတို့တွင် ဆက်တိုက် (၅)နှစ် တာဝန်ထမ်းဆောင်ပါမည့်အကြောင်း သက်ဆိုင်ရာ စက်ရုံ၊ လုပ်ငန်းဌာနတို့တွင် ကြိုတင်ကတိဝန်ခံချက် လက်မှတ်ရေးထိုး၍ စာချုပ်ချုပ်ဆိုခဲ့ရပါမည်။

**အောင်လက်မှတ်ချီးမြှင့်ခြင်း**

၁၅။ သင်တန်းကာလ ပြီးဆုံးအောင်တက်ရောက်၍ အောင်မြင်သော သင်တန်းသားများအား သင်တန်းဆင်းပွဲ အခမ်းအနားတွင် အောင်လက်မှတ်ချီးမြှင့်ပါမည်။

**မှတ်ချက်။ ဝန်ကြီးဌာနများနှင့် စက်မှုဇုန်များအနေဖြင့် မိမိလက်အောက်ရှိဌာနခွဲများ၊ တပ်ရင်းတပ်ဖွဲ့များသို့ ဤညွှန်ကြားလွှာမူရင်းအတိုင်း အချိန်မီ ဖြန့်ဝေပေးပါရန်နှင့် လျှောက်လွှာပိတ်ရက် ၂၀၂၃ ခုနှစ်၊ မတ်လ ( ၂၄ ) ရက် မတိုင်မီ လျှောက်လွှာတင်နိုင်ရေးအတွက် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

**စက်မှုဝန်ကြီးဌာန**

**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

**အမှတ်(၅) စက်မှုသင်တန်းကျောင်း ( မကွေး )**

**စက်မှုကျွမ်းကျင် (၁) နှစ် သင်တန်း၊ အမှတ်စဉ် ( ၁၁ )**

**သင်တန်းဝင်ခွင့် လျှောက်လွှာ**

**ဓာတ်ပုံ (၁) ပုံကပ်ရန်**

**အပို (၂) ပုံ ပူးတွဲတင်ပြရန်**

၁။ လျှောက်ထားသူအမည် ----------------------------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------------------------------

၃။ မွေးသက္ကရာဇ်/အသက် ----------------------------------------------------------------

၄။ လူမျိုး/ဘာသာ ----------------------------------------------------------------

၅။ အောင်မြင်ခဲ့သောပညာအရည်အချင်း ----------------------------------------------------------------

၆။ အမြဲတမ်းနေရပ်လိပ်စာ ----------------------------------------------------------------

၇။ ဆက်သွယ်ရန်လိပ်စာ ----------------------------------------------------------------

( **ပြည့်စုံစွာဖော်ပြရန်** ) ----------------------------------------------------------------

၈။ ကိုယ်ပိုင်/တစ်ဆင့်ခေါ်တယ်လီဖုန်းနံပါတ်----------------------------------------------------------------

၉။ လျှောက်ထားသူ၏ဖခင်အမည် ----------------------------------------------------------------

၁၀။ ဖခင်၏အလုပ်အကိုင်/ဌာန ----------------------------------------------------------------

၁၁။ လျှောက်ထားသူ၏မိခင်အမည် ----------------------------------------------------------------

၁၂။ မိခင်၏အလုပ်အကိုင်/ဌာန ----------------------------------------------------------------

၁၃။ အိမ်ထောင်ရေးအခြေအနေ(လူပျို/အပျို)----------------------------------------------------------------

လျှောက်ထားသူ

လက်မှတ်----------------------------

အမည် ----------------------------

## ကျောင်းထောက်ခံစာ

လျှောက်ထားသူ ---------------------------- သည်၊---------------------မြို့၊ ----------------------------------
-------------------ကျောင်း----------------------ပညာသင်နှစ်၌ တက္ကသိုလ်ဝင်တန်း(၁၀)တန်းကို ဝင်ရောက်ဖြေဆိုခဲ့ရာ ခုံအမှတ်----------------------ဖြင့် အောင်မြင်/ကျရှုံးခဲ့ပါသည်။ ကျောင်းဝင်ခွင့် မှတ်ပုံတင်စာရင်းအရ ၎င်း၏ မွေးသက္ကရာဇ်မှာ------------------------- (စာဖြင့်) ----------------------------------------
------------------------------- ဖြစ်ပါသည်။

(ကျောင်းတံဆိပ်)

ကျောင်းအုပ်ကြီး

**မှတ်ချက်။** ကျောင်းထောက်ခံချက်တွင် မွေးသက္ကရာဇ်ကို ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်နိုင်ရန် စာဖြင့် တိတိကျကျ ရေးသားဖော်ပြရန် မေတ္တာရပ်ခံအပ်ပါသည်။

၂၀၂၃ ခုနှစ်၊ မတ်လ (၂၄) ရက်၊ (၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)**(သို့မဟုတ်)** သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) နေပြည်တော်သို့ အရောက်ပေးပို့ရမည်။

**လျှောက်ထားသူနှင့်ထောက်ခံသူမိဘ/အုပ်ထိန်းသူတို့၏ ကတိဝန်ခံချက်လက်မှတ်ရေးထိုးရန်**

(က) သင်တန်းကာလ ပြီးဆုံးအောင် တက်ရောက်ပါမည်။

( ခ ) သင်တန်းကာလအတွင်း မည်သည့် စာမေးပွဲကိုမှ ဖြေဆိုခြင်း မပြုပါ။

( ဂ ) သင်တန်းကျောင်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာပါမည်။

| **လျှောက်ထားသူ** | | **ထောက်ခံသူမိဘ/အုပ်ထိန်းသူ** | |
|---|---|---|---|
| လက်မှတ် | ---------------------- | လက်မှတ် | ---------------------------------- |
| အမည် | ---------------------- | အမည် | ---------------------------------- |
| | | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ---------------------------------- |
| | | အလုပ်အကိုင်/ဌာန | ---------------------------------- |

**စက်မှုဝန်ကြီးဌာန**

**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

**အမှတ် (၅) စက်မှုသင်တန်းကျောင်း ( မကွေး )**

**စက်မှုကျွမ်းကျင် (၁) နှစ် သင်တန်း၊ အမှတ်စဉ် ( ၁၁ )**

**သင်တန်းဝင်ခွင့် လျှောက်လွှာ**

(နိုင်ငံ့ဝန်ထမ်းများအတွက်)

**ဓာတ်ပုံ (၁) ပုံကပ်ရန်**

**အပို (၂) ပုံပူးတွဲတင်ပြရန်**

၁။ လျှောက်ထားသူအမည် ------------------------------------------------------------

၂။ အလုပ်ဝင်အမှတ် ------------------------------------------------------------

၃။ ရာထူး/လစာနှုန်း ------------------------------------------------------------

၄။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------------------------

၅။ မွေးသက္ကရာဇ်/အသက် ------------------------------------------------------------

၆။ လူမျိုး/ဘာသာ ------------------------------------------------------------

၇။ အောင်မြင်ခဲ့သောပညာအရည်အချင်း ------------------------------------------------------------

၈။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------------------------------------

( **ပြည့်စုံစွာဖော်ပြရန်** ) ------------------------------------------------------------

၉။ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ် ------------------------------------------------------------

၁၀။ လျှောက်ထားသူ၏ဖခင်အမည် ------------------------------------------------------------

၁၁။ ဖခင်၏အလုပ်အကိုင်/ဌာန ------------------------------------------------------------

၁၂။ လျှောက်ထားသူ၏မိခင်အမည် ------------------------------------------------------------

၁၃။ မိခင်၏အလုပ်အကိုင်/ဌာန ------------------------------------------------------------

၁၄။ အိမ်ထောင်ရေးအခြေအနေ(လူပျို/အပျို) ------------------------------------------------------------

လျှောက်ထားသူ

လက်မှတ် ------------------------

အမည် ------------------------

## ပညာအရည်အချင်းနှင့် ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာ

လျှောက်ထားသူ ------------------------------- သည် --------------------------------ဝန်ကြီးဌာန၊ ------------ --------------------------------ဦးစီးဌာန/လုပ်ငန်း၊----------------------------------------------- စက်ရုံ/ဌာနတွင် ----------------------------------ရာထူးဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေဆဲဖြစ်ပြီး၊ ပညာအရည်အချင်းမှာ တက္ကသိုလ်ဝင်တန်း(၁၀)တန်းကို--------------------------------------ပညာသင်နှစ်၌ ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်/ကျရှုံးခဲ့သူဖြစ်ကြောင်း ထောက်ခံပါသည်။

ရုံးတံဆိပ်

ညွှန်ကြားရေးမှူး/အထွေထွေမန်နေဂျာ

---------------------------- ဦးစီးဌာန/လုပ်ငန်း

**မှတ်ချက်။** ၂၀၂၃ ခုနှစ်၊ မတ်လ (၂၄) ရက်၊ (၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အမှတ်(၅) စက်မှုသင်တန်းကျောင်း(မကွေး) **(သို့မဟုတ်)** သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀) နေပြည်တော်သို့ အရောက်ပေးပို့ရမည်။

**<u>လျှောက်ထားသူဝန်ထမ်းနှင့် ထောက်ခံသူ ဌာနအကြီးအကဲတို့မှ လက်မှတ်ရေးထိုးရန်</u>**

(က) သင်တန်းကာလ ပြီးဆုံးအောင် တက်ရောက်ပါမည်။

(ခ ) သင်တန်းကာလအတွင်း မည်သည့် စာမေးပွဲကိုမှ ဖြေဆိုခြင်း မပြုပါ။

(ဂ ) သင်တန်းကျောင်းမှ သတ်မှတ်ထားသော စည်းကမ်းများကိုလိုက်နာပါမည်။

(ဃ) **(စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက်သာ)** သင်တန်းကာလပြီးဆုံးသည့်အခါ မိမိတာဝန် ထမ်းဆောင်သည့် ဌာနတွင် သင်တန်းဆင်း သည့်နေ့မှစ၍ (၅) နှစ် ဆက်လက်၍ တာဝန်ထမ်းဆောင်ပါမည်။ အကယ်၍ (၅)နှစ်ပြည့်သည့် တိုင်အောင် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်ဝန်ထမ်း တစ်ဦးကဲ့သို့ အရေးယူခြင်းခံပါမည်။

| **လျှောက်ထားသူ** | | **ထောက်ခံသူဌာနအကြီးအကဲ** | |
|---|---|---|---|
| လက်မှတ် | ---------------------------- | လက်မှတ် | ---------------------------- |
| အမည် | ---------------------------- | အမည် | ---------------------------- |
| ရာထူး | ---------------------------- | ရာထူး | ---------------------------- |
| ဌာန/စက်ရုံ | ---------------------------- | ဌာန/စက်ရုံ | ---------------------------- |
| ဦးစီး/လုပ်ငန်း | ---------------------------- | ဦးစီး/လုပ်ငန်း | ---------------------------- |